# ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၄၀ ရက်မြောက်နေ့ အစီအစဉ်
# [ ၃ - ၄ - ၂၀၁၅ ]
# (သောကြာနေ့)

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၄၀ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ပခုက္ကူမြို့နယ် ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးကို ခုတင်(၃၀၀)ဆံ့ စံကိုက် အထွေထွေရောဂါကု ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်သား ကိုယ်စားလှယ်၏ **ကျိုင်းတုံမြို့နယ် မိုင်းကိုင်ကျေးရွာ ၁၆ ခုတင်ဆံ့ဆေးရုံ အဆောက်အအုံအား ပြုပြင်မွမ်းမံပြီး လိုအပ်သည့်ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးရန်နှင့် ဆရာဝန်တစ်ဦး ခန့်အပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ဆောက်လုပ်ရေး ဝန်ကြီးဌာနက ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလဖြင့် အသီးသီးထုတ်ဝေထားပြီးသော လုပ်ငန်းအခြေခံ စံနှုန်း(၇)မျိုးအပြင် ဝန်ကြီးဌာနတချို့နှင့် ပြည်တွင်းပြည်ပ ကုမ္ပဏီတချို့တို့မှ ဆောင်ရွက်လုပ်ကိုင်ကြရသော ဘာသာရပ်ဆိုင်ရာ သီးသန့် တည်ဆောက်မှုလုပ်ငန်းများ (Unique Constructions) အတွက် လိုအပ်သလို အတွဲများ (Volumes) ခွဲ၍ မိုင်မြင်းကိုးကားနိုင်ရေးအတွက် ထုတ်ဝေမည့်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်သား ကိုယ်စားလှယ်၏ **မတူညီသော လုပ်ငန်းတာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်းထမ်းဆောင်နေရသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား သီးခြားလွတ်လပ်သော လုပ်ငန်းအဖွဲ့အစည်းနှစ်ခုအဖြစ် ပြောင်းလဲပြင်ဆင် ဖွဲ့စည်းဆောင်ရွက်သွားရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **နှစ်စဉ်ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေများမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော တည်ဆောက်ရေးလုပ်ငန်းများကို ဒေသတွင်းရှိ ဒေသခံအများပိုင်ကုမ္ပဏီများမှ တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ခွင့် ရရှိနိုင်မည့် နည်းလမ်းများ၊ အစီအစမံများအား သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နယ်စပ်ရေးရာဝန်ကြီးဌာန နှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက် ခဲ့သော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော် သို့ ဖတ်ကြား တင်သွင်းခြင်း။

၈။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ၏ နယ်စပ်ရေးရာဝန်ကြီးဌာန နှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက် ခဲ့သော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၄၀ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၄၁ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။